# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ
စာစဉ် ၆ | ၁-၃၀ ဇွန် ၂၀၁၄

OCHA

## ဤစာစဉ်တွင်
UN လူသားချင်းစာနာမှု ဒုအကြီးအကဲ ခရီးစဉ် စာ-၁
ရခိုင်ပြည်နယ် အာဟာရချို့တဲ့မှုကို ဖြေရှင်းခြင်း စာ-၃
ရခိုင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များ စာ-၄
ရခိုင်ပြည်နယ် အသက်မွေးဝမ်းကျောင်း စီမံကိန်းများ စာ-၄
ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စီမံကိန်း စာ-၅
မိတ္ထီလာရှိ IDPများပြန်လည်နေရာချထားရေး စာ-၆

## အဓိကအချက်များ
- ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှု ဖြစ်ပွားခြင်းနှင့် ကချင်ပဋိပက္ခ ဖြစ်ပွားမှု နှစ်နှစ်အကြာတွင် ဆိုးဝါးသော လူသားချင်းစာနာမှု လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။
- ရခိုင်ရှိ အန္တရာယ်ကျလွယ်သော ကလေးများအတွက် အာဟာရ အခြေအနေ စိုးရိမ်ဖွယ်ဖြစ်နေသည်။
- ရခိုင်တွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ရှိနေပြီး မိုးရာသီတွင် ရေကြောင့်ဖြစ်သော ရောဂါများ အန္တရာယ်ရှိသည်။
- ရခိုင်ပြည်နယ်ရှိ အန္တရာယ်ကျလွယ် သူများအတွက် အသက်မွေးလုပ်ငန်းများ စတင်လျှက်ရှိသည်။
- စစ်တွေ စခန်းများတွင် NGO များက ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆန်းသစ်တီထွင် စီမံကိန်းတစ်ရပ် စတင်ထားသည်။

## အဓိက ကိန်းဂဏန်းများ
### ရခိုင်ပြည်နယ် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၁၃၇,၀၀၀ |
| အစားအစာမလုံလောက်သူ | ၇၀,၀၀၀ |
| သီးခြားရွာများနှင့် ရပ်ရွာအတွင်းမှ လူများ | ၁၀၀,၀၀၀ |

### ကချင်နှင့် ရှမ်းမြောက် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၉၉,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၂၀,၀၀၀ |

## ရန်ပုံငွေ
၁၉၂ သန်း
တောင်းခံထား
(အမေရိကန်ဒေါ်လာ)

၄၄% ရရှိပြီး

ကိုးကား - UNHCR၊ OCHA၊ CCCM
* မေ၊ ၃၁ ကရရှိသော UNHCR (CCCM) ကိန်းဂဏန်းများ


ရခိုင်၊ သက်ကယ်ပြင်စခန်းမှ ကလေးတစ်ဦး။ OCHA ဇွန် ၂၀၁၄

# ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ဒုတိယ အကြီးအကဲ မြန်မာနိုင်ငံခရီးစဉ်အတွင်းဘေးအန္တရာယ်ကျရောက်လွယ် သူများ၏ အကျပ်အတည်းကို မီးမောင်းထိုးပြ

ကုလသမဂ္ဂ လူသားချင်းစာနာမှုအရေးကိစ္စများဆိုင်ရာ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒုတိယ အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး မစ္စခွင်ဝါခန်း သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဇွန်လ ၉ ရက်နေ့မှ ၁၄ ရက်နေ့ထိ လာရောက်ခဲ့သည်။ ထိုခရီးစဉ်သည် ရခိုင်ပြည်နယ်တွင် လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုဖြစ်ပွားခြင်း နှစ်နှစ်ပြည့်၊ ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ကြား ပဋိပက္ခဖြစ်ပွားမှု သုံးနှစ်ပြည့်တို့နှင့် တိုက်ဆိုင်ခဲ့သည်။

၎င်း၏ ခရီးစဉ်အတွင်း မစ္စခန်းသည် ရခိုင်နှင့် ကချင်ရှိ ယာယီစခန်းများနှင့် လူထုအသိုင်းအဝိုင်းများထံ သွားရောက်ခဲ့ပြီး နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။ ထို့ပြင် ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာလူသားချင်းစာနာမှုအဖွဲ့များမှ ဝန်ထမ်းများနှင့်လည်းတွေ့ဆုံခဲ့သည်။ ရခိုင်နှင့် ကချင်ပြည်နယ်များတွင် မစ္စခန်းသည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာ အသက်ကယ် အကူအညီ လိုအပ်နေသည့် ခန့်မှန်းခြေ လူ ၄၂၀,၀၀၀ တို့ထံ အကူအညီများပေးရာတွင် လူသားချင်းစာနာမှု လုပ်သားများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ကိုယ်တိုင်တွေ့ရှိခဲ့သည်။ လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတွင် ကြီးမားသည့် တိုးတက်မှုများရှိခဲ့သော်လည်း ရခိုင်နှင့် ကချင်ရှိ လူအများအပြားသည် အခြေခံဝန်ဆောင်မှုများကို လုံလောက်စွာ လက်လှမ်းမီခြင်းမရှိဘဲ ဆိုးဝါးသည့် အခြေအနေများတွင် နေထိုင်နေရကာ အချို့လူများ၏ အခြေအနေမှာ လွန်ခဲ့သည့် နှစ်အတွင်း ပိုမိုဆိုးရွားလာသည်ဟု မစ္စခန်းက ပြောကြားသည်။

### နှစ်နှစ်ကြာပြီးနောက် ရခိုင်ပြည်နယ်တွင် ဆိုးဝါးသော လူသားချင်းစာနာမှုလိုအပ်ချက်များ ရှိနေဆဲ

ရခိုင်ပြည်နယ်တွင် မစ္စခန်းသည် နယ်စပ်ရေးရာ ဒုတိယဝန်ကြီးနှင့်အတူ စစ်တွေနှင့် ပေါက်တောရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ပဋိပက္ခဒဏ်သင့်သူများအတွက် တည်ဆောက်ထားသည့် ယာယီစခန်းများသို့ သွားရောက်ခဲ့သည်။ ထို့ပြင် စစ်တွေရှိ ကုလသမဂ္ဂနှင့် နိုင်ငံတကာ NGO ရုံးများ မတ်လ ၂၆-၂၇ နေ့က တိုက်ခိုက်ခံရမှု နောက်ပိုင်း လူသားချင်းစာနာမှု တုံ့ပြန်ရေး လုပ်ငန်းများ ပြန်လည်စတင်အရှိန်မြှင့်ရေးဆောင်ရွက်မှုများကို အကဲဖြတ် လေ့လာရန်အတွက် ဒေသခံ အာဏာပိုင်များ၊ရပ်ရွာလူထုခေါင်းဆောင်များ


ကချင်ပြည်နယ်၊ ဝိုင်းမော်ရှိ မိုင်းနားစခန်းတွင် ပြည်တွင်း NGO KBC ညွှန်ကြားရေးမှူးနှင့်တွေ့ရသည့် မစ္စခန်း၊ ဇွန် ၂၀၁၄၊ ဓာတ်ပုံ-OCHA

နှင့် လူသားချင်းစာနာမှု လုပ်သားများနှင့် တွေ့ဆုံခဲ့သည်။ အစည်းအဝေးများအတွင်း ၎င်းသည် ထိုကဲ့သို့ တိုက်ခိုက်မှုများသည် လုံးဝလက်ခံနိုင်ဖွယ်မရှိကြောင်း လူအများ ရှင်းလင်းစွာ သိရှိစေရန်နှင့် နောင်အလားတူ ဖြစ်ရပ်များကို ရှောင်ကျဉ်နိုင်ရန်အတွက် တိုက်ခိုက် သည့် တရားခံများအား တရားမျှတစွာ အရေးယူရန် အစိုးရအား တိုက်တွန်းခဲ့သည်။ ထို့ပြင် အခြေခံ လူသားချင်းစာနာမှုလုပ်ငန်းများ အပြည့်အဝ ပြန်လည်စတင်နိုင်ရေးအတွက် လူသားချင်းစာနာမှုအဖွဲ့များအနေဖြင့် သင့်တော်သည့် ရုံးခန်း၊ နေထိုင်ရာ နေရာများ ရှာဖွေနိုင်ရန် ပိုမို အလေးထား ဆောင်ရွက်ရန်လည်း တိုက်တွန်းခဲ့ သည်။

စခန်းများနှင့် လူထုအသိုင်းအဝိုင်းများထံ မသွားရောက်နိုင်သည့် ကာလလေးပတ်ကြာပြီးနောက် နိုင်ငံတကာ လူသားချင်းစာနာမှုလုပ်ငန်းများကို ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ဧပြီလကုန်မှစ၍ ပြန်လည် ဆောင်ရွက်လျှက်ရှိ သည်။ ဖွန်လတွင် WFP နှင့် မိတ်ဖက်အဖွဲ့များသည် လူ ၁၃၈,၀၀၀ ဦးထံ အစားအစာအကူအညီများ ပေးအပ်ခဲ့ သည်။ ကျောင်းပိတ်ရက်အလွန် ဖွန်လတွင် ပညာရေးလုပ်ငန်းများလည်း ပြန်လည်စတင်ခဲ့ပြီး အခြား တုံ့ပြန်ရေးလုပ် ငန်းများလည်း လည်ပတ်လျှက်ရှိသည်။ အရေးပေါ်လူသားချင်းစာနာမှုလိုအပ်ချက်များကို ဖြေရှင်းရန် လုပ်ငန်းများ ဆောင်ရွက်နေသော်လည်း သီးခြားပိတ်မိနေသော ရွာများနှင့် ဝေးလံသော ယာယီစခန်းများရှိ လူအများအပြားမှာ ဆိုးဝါးသော အခြေအနေများတွင် နေထိုင်နေရဆဲဖြစ်ကာ သင့်တင့်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားအခြေခံဝန်ဆောင်မှုများကို လုံလောက်စွာ လက်လှမ်းမီခြင်းမရှိဘဲ လူထုအသိုင်းအဝိုင်းကြား ဆက်လက် တင်းမာမှုများကြောင့် လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်ခံနေရဆဲ ဖြစ်သည်။ ကျန်းမာရေးကဏ္ဍမှ အဖွဲ့ အစည်းများက MSF Holland ၏ လုပ်ငန်းများ ဆက်လက်ရပ်တန့်ထားရခြင်းနှင့် မတ်လနောက်ပိုင်း Malteser ၏ လုပ်ငန်းအများအပြား ရပ်နားထားရခြင်းကြောင့် တုံ့ပြန်မှုအပိုင်းတွင် လိုအပ်ချက်ကြီးမားစွာ ရှိနေဆဲဖြစ်သည်ဟု အစီရင်ခံတင်ပြကြသည်။ "ငှက်ချောင်းစခန်းမှာ ကျွန်မတွေ့ခဲ့ရတဲ့ အခြေအနေက တော်တော်ဆိုးပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအပါအဝင် အခြေခံ ဝန်ဆောင်မှုတွေကို လုံးဝ လုံလုံ လောက်လောက် လက်လှမ်းမမီကြပါဘူး" ဟု မစ္စခန်းက ပြောကြားသည်။

**ကချင်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများထံ ပိုမိုတည်မြဲသော သွားလာခွင့် လိုအပ်**

*"ဒေသခံ NGO တွေ ဟာ ကချင်ပြည်နယ် လူသား ချင်းစာနာမှုတုံ့ပြန် ရေး အတွက် အဓိကကျပြီး IDP ဒေသအားလုံးမှာ လိုအပ်တဲ့ အတိုင်း အတာ ထိ အကူအညီတွေ ရောက်စေဖို့ နိုင်ငံတကာ အဖွဲ့ အစည်းအနေနဲ့ ရေရှည်တည်မြဲတဲ့ သွားလာခွင့် လိုအပ်ပါတယ်" မစ္စခန်း*

ပဋိပက္ခဖြစ်ပွားပြီး သုံးနှစ်အကြာတွင် လူ ၁၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်သော ကချင် ပြည်နယ်၌ မစ္စခန်းသည် ယာယီစခန်းများသို့ သွားရောက်ခဲ့ပြီး ဒေသခံ NGO များ၊ အာဏာပိုင်များနှင့် တွေ့ဆုံခဲ့ သည်။ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် နေရပ်စွန့်ခွာသူ တစ်ဝက်ကျော်မှာ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဒေသဖြတ်ကျော် ခရီးစဉ်များဖြင့်သာ သွားလာနိုင်သည့် အစိုးရထိန်းချုပ် သည့် နယ်မြေပြင်ပ ဒေသများတွင် ရှိသော စခန်းများတွင် နေထိုင်လျှက်ရှိသည်။

ဒေသဖြတ်ကျော် ခရီးစဉ်များပိုမို ပုံမှန်ဆောင်ရွက်လာနိုင်သလို လူသားချင်းစာနာမှုလိုအပ်ချက်ကို ပိုမို ထိရောက် စွာ ဖြေရှင်းနိုင်ရန်နှင့် ဒေသခံ NGO များအား ထောက်ပံ့နိုင်ရန် ဒေသဖြတ်ကျော်သွားလာခွင့် ပိုမိုတည်ငြိမ်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုအဖွဲ့များက ထောက်ပြခဲ့ကြသည်။ ဒေသခံ NGO များ တင်ပြသည့် ရန်ပုံငွေ အခက်အခဲများနှင့်အတူ ဒေသဖြတ်ကျော် ခရီးစဉ်များအတွက် ခွင့်ပြုချက်ရရှိရန် ကြာမြင့်မှု များကြောင့် ဖွန်လအတွင်း အစားအစာအထောက်အပံ့ပေးရာတွင် အခက်အခဲများရှိခဲ့သည်။ ၎င်း၏ ခရီးစဉ်အတွင်း မစ္စခန်းသည် "ဒေသခံ NGO တွေဟာ ကချင်ပြည်နယ် လူသားချင်းစာနာမှုတုံ့ပြန်ရေးအတွက် အဓိကကျပြီး IDP ဒေသအားလုံးမှာ လိုအပ်တဲ့ အတိုင်းအတာထိ အကူအညီတွေ ရောက်စေဖို့ နိုင်ငံတကာအဖွဲ့အစည်းအနေနဲ့ ရေရှည်တည်မြဲတဲ့ သွားလာခွင့် လိုအပ်ပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။

အစိုးရထိန်းချုပ်သည့်နယ်မြေပြင်ပ ဒေသတွင် လူအများ မိမိတို့ရပ်ရွာ မပြန်နိုင်မီ ယာယီနေထိုင်နေရန် မြေနေရာ များ ပိုမိုချထားပေးရန် လိုအပ်သည်ဟု လူသားချင်းစာနာမှု ဝန်ထမ်းများက တင်ပြသည်။ အထူးသဖြင့် လိုင်ဇာမြို့ တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ထောင်ပေါင်းများစွာမှာ လူသူထူထပ်ပြီး အခြေအနေဆိုးဝါးသည့် ကုန်လှောင်ရုံ များတွင် သုံးနှစ်ကျော် နေထိုင်နေရသည်။


ဤအစီရင်ခံစာကို မြန်မာနိုင်ငံလူသားချင်းစာနာမှုအဖွဲ့ အဖွဲ့ဝင်များ၏ အချက်အလက်ပံ့ပိုးမှုများဖြင့် UNOCHA မှ စုစည်းတင်ပြသည်။

# ရခိုင်ပြည်နယ်တွင် အာဟာရချို့တဲ့မှု ဝေဒနာခံစားနေရသော ကလေးသူငယ်များအား ကူညီရန် ရန်ပုံငွေ ပိုမို လိုအပ်

အာဟာရလုပ်ငန်းများဆောင်ရွက်နေသည့် လူသားချင်းစာနာမှုအဖွဲ့များ မကြာမီက တင်ပြသော အချက်အလက်များအရ ရခိုင်ပြည်နယ်ဒေသအချို့ရှိ ကလေးသူငယ်များ၏ အာဟာရ အခြေအနေဆိုးဝါးကျဆင်းလာသည်ကို တွေ့ရသည်။ မေလတွင် Action Contre La Faim (ACF)၊ Save the Children International (SCI) နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း (MHAA) တို့ပူးပေါင်း၍ ရခိုင်ပြည်နယ်အလယ်ပိုင်း မြို့နယ် ခုနစ်ခုမှ စခန်းများနှင့် ရွာများရှိ ကလေးသူငယ် ၃၂,၀၀၀ ဦးကျော်အား စမ်းသပ်စစ်ဆေးရာတွင် ၂.၁ ရာခိုင်နှုန်းကျော် ဆိုးဝါးစွာ အာဟာရချို့တဲ့မှု (SAM) ဖြစ်ပွားနေပြီး ၆.၈ ရာခိုင်နှုန်းကျော် အတန်အသင့် အာဟာရချို့တဲ့မှု (MAM) ဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။ ယင်းတွေ့ရှိချက်မှာ မတ်လက တိုင်းထွာခဲ့သော ကလေးသူငယ် ၂၇,၀၀၀ ဦးတွင်တွေ့ရသည့် SAM ၁.၇ ရာခိုင်နှုန်းနှင့် MAM ၄.၁ ရာခိုင်နှုန်းတို့ထက် ပိုမို များပြားလာသည်။



ရခိုင်ပြည်နယ်၊ သဲချောင်းစခန်းမှ မိခင်နှင့် ကလေးတစ်ဦး၊ ဒီဇင်ဘာ ၂၀၁၂။ ဓာတ်ပုံ - OCHA

မတ်လ ၂၆-၂၇ နေ့များက ကုလသမဂ္ဂနှင့် INGO ရုံးများ တိုက်ခိုက်ခံရမှုနောက်ပိုင်း အကူအညီပေးရေးလုပ်ငန်းများတွင် အနှောင့်အယှက်များဖြစ်လာပြီး MSF လုပ်ငန်းများ ရပ်တန့်မှုနှင့် Malteser လုပ်ငန်းများ အခက်အခဲတွေ့မှုတို့ကြောင့် ပိုမိုဆိုးဝါးလာသည်။ ဤအချက်များကြောင့် ဆိုးဝါးစွာ အာဟာရချို့တဲ့မှု (SAM) ဖြစ်ပွားနေသော ကလေးသူငယ်များကို ကုသပေးနိုင်သည့် ဆေးခန်းများ အရေအတွက် နည်းပါးလာသည်ဟု ကျန်းမာရေးနှင့် အာဟာရ ကဏ္ဍများတွင် လုပ်ငန်းများဆောင်ရွက်နေသည့် အဖွဲ့များက အစီရင်ခံတင်ပြသည်။ ဤ ဆိုးဝါးစွာ အာဟာရချို့တဲ့သော ကလေးသူငယ်များကို ယခုအခါ စစ်တွေဆေးရုံသို့ လွှဲပြောင်းကုသပေးလျက်ရှိသည်။ သို့ရာတွင် ပို့ဆောင်စရိတ်မြင့်မားခြင်း၊ လွှဲပြောင်းပေးရေးဝန်ဆောင်မှုများ နည်းပါးခြင်းနှင့် အချို့နေရာများတွင် စစ်တွေသို့ ဆေးကုသရန် သွားရောက်ရာတွင် ကြောက်လန့်စိုးရိမ်စရာများရှိခြင်းတို့ကြောင့် အန္တရာယ်ကျရောက်လွယ်သော ကလေးသူငယ်အများအပြား ၎င်းတို့လိုအပ်သည့် ဆေးဝါးစောင့်ရှောက်မှုရရှိရန် မလွယ်ကူဟု နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဘေးအန္တရာယ်ကျရောက်လွယ်သော လူထုအသိုင်းအဝိုင်းက ပြောကြားသည်။ လူသားချင်းစာနာမှုအဖွဲ့အများအပြားသည် စစ်တွေတွင် ၎င်းတို့လိုအပ်သည့် ရုံးခန်းနှင့် ဝန်ထမ်းများအတွက် နေရာများ လုံလောက်စွာ မရရှိသေးပဲ ထိုအချက်က လူသားချင်းစာနာမှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်နေဆဲဖြစ်သည်။ အစာနှင့်ဆေးတိုက်ကျွေးရေးဌာနအသစ်များဖွင့်လှစ်ရေးမှာ နှောင့်နှေးနေပြီး ပုံမှန်အာဟာရစစ်တမ်းကောက်ယူမှုကိုမိုးရာသီအကုန်ထိ ရွှေ့ဆိုင်းထားရသည်။

*ပို့ဆောင်စရိတ်မြင့်မားခြင်း၊ လွှဲပြောင်းပေးရေးဝန်ဆောင်မှုများ နည်းပါးခြင်းနှင့်အချို့နေရာများတွင် စစ်တွေသို့ ဆေးကုသရန် သွားရောက်ရာတွင် ကြောက်လန့်စိုးရိမ်စရာများရှိခြင်းတို့ကြောင့် အန္တရာယ်ကျရောက်လွယ်သော ကလေးသူငယ်အများအပြား ၎င်းတို့လိုအပ်သည့် ဆေးဝါးစောင့်ရှောက်မှုရရှိရန် မလွယ်ကူဟု နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဘေးအန္တရာယ် ကျရောက်လွယ်သော လူထုအသိုင်းအဝိုင်းက ပြောကြားသည်။*

**ရခိုင်ပြည်နယ်တွင် အာဟာရချို့တဲ့မှုကို ဖြေရှင်းခြင်း**

ဆိုးဝါးစွာ အာဟာရချို့တဲ့မှု ခံစားနေရသော ကလေးသူငယ်များအတွက် ကုသမှုများ အရှိန်မြှင့်ရန်အတွက် ဖွန်လ ၁၂-၁၄ ရက်နေ့များတွင် ရခိုင်ပြည်နယ်၊ စစ်တွေနှင့် အခြား မြို့နယ် ၁၇ ခုမှ ကျန်းမာရေးဝန်ထမ်းများအား ပြင်းထန်သော အာဟာရချို့တဲ့မှု ကုသရေး သင်တန်းပေးရန် UNICEF သည် မြန်မာနိုင်ငံ အမျိုးသားအာဟာရဌာနအား အထောက်အပံ့ပေးခဲ့သည်။ သို့ရာတွင် ထိုကလေးသူငယ်များအား အတွင်းလူနာ ကုသပေးရေး ဆောင်ရွက်နိုင်ရန် အတွက် ကျန်းမာရေးဝန်ဆောင်မှုများအားထပ်လောင်းပံ့ပိုးပေးရန်လိုအပ်သည်။

ရခိုင်ပြည်နယ်တွင် အာဟာရတုံ့ပြန်မှုအားကောင်းစေရန် UNICEF သည် အာဟာရဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ထားပြီး အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေး၊ စောင့်ကြည့်လေ့လာရေးနှင့် တုံ့ပြန်ရေးအတွက် အာဟာရအချက်အလက်များ ရရှိအသုံးပြုမှုကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ACF သည် ပြင်ပလူနာ အစာနှင့် ဆေးတိုက်ကျွေးရေး ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို အကောင်အထည်အဖော်ရန် ကျန်းမာ

ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေပြီး မောင်းတောနှင့် ဘူးသီးတောင်ရှိ အတန်အသင့်အာဟာရချို့တဲ့မှု ခံစားနေရသော ကလေးသူငယ် ၂၃,၀၀၀ ဦးကျော်အတွက် ဖြည့်စွက်အစာတိုက်ကျွေးရေးအစီအစဉ်ကို စတင်ထားသည်။ ယေဘုယျအားဖြင့် လူသားချင်းစာနာမှုအဖွဲ့များသည် ၂၀၁၄ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် လူ ၆၂,၀၀၀ ဦးထံ အာဟာရအကူအညီများ ပေးအပ်ရန် ရည်ရွယ်ထားသည်။ အာဟာရကဏ္ဍသည် ရန်ပုံငွေ ၂၅ ရာခိုင်နှုန်းသာ ရရှိထားပြီး လုပ်ငန်းများ ရေရှည်တည်မြဲပြီး အရှိန်အဟုန်မြင့်နိုင်ရန် ရင်းမြစ်များ၊ နည်းပညာအထောက်အပံ့များ လိုအပ်သည်။

# ရခိုင်ပြည်နယ်ရှိကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင်လိုအပ်ချက်များ ရှိနေဆဲ

နိုင်ငံတကာအဖွဲ့အစည်းများသည် စုပေါင်းကျန်းမာရေးအဖွဲ့များဖြစ်သော ကျန်းမာရေးဝန်ကြီးဌာန ဆေးအဖွဲ့များနှင့် အမျိုးသားကျန်းမာရေးအဖွဲ့များကို ဆက်လက် ထောက်ပံ့ပေးလျက်ရှိသည်။ ဇွန်လတွင် နိုင်ငံတကာနှင့် ပြည်တွင်းကျန်းမာရေးအဖွဲ့အစည်းများအား ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ စခန်းများနှင့် လူထုအသိုင်းအဝိုင်းများတွင် သီးခြားကျန်းမာရေးဆေးပေးခန်းများ ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုပေးခဲ့သည်။ သီးခြားကျန်းမာရေးအဖွဲ့များသည် အခြေခံကျန်းမာရေးဝန်ဆောင်မှုများအပါအဝင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ငှက်ဖျားရောဂါ ကုသရေး ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။ ကျန်းမာရေးအဖွဲ့များသည် မေလတွင် ၁၅ ဖွဲ့မှ ဇွန်လတွင် ၁၈ ဖွဲ့သို့တက်လာပြီး ဆေးခန်းများတွင် သို့မဟုတ် စုပေါင်းအဖွဲ့များအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း ကျန်းမာရေးဝန်ထမ်း ၁၀၀ ကျော် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ တင်ပြချက်အရ ရခိုင်ပြည်နယ်တွင် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုမှာ MSF-H ၏ လုပ်ငန်းများ ရပ်တန့်ခဲ့သည့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီကထက် နိမ့်ပါးနေသည်။ အခြေအနေမှာ လိုအပ်ချက်များ ပြည့်မီခြင်းမရှိသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ဝေးလံသော ဒေသများတွင် အထူးဆိုးဝါးနေသည်။ မြန်မာနိုင်ငံ ကျေးလက်နေပြည်သူများအနေဖြင့် အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုကို အနည်းငယ် လက်လှမ်းမီမှုရှိသော်လည်း လူထုအသိုင်းအဝိုင်းကြား ဆက်လက်တင်းမာမှုများကြောင့် သွားလာခွင့်ကန့်သတ်ခံရမှုများနှင့် ရင်ဆိုင်နေရသည့် မွတ်စလင် IDP များ၏ အခြေအနေမှာ အထူးဆိုးဝါးသည်။

မိုးရာသီကျရောက်လာသည်နှင့်အတူ ရေကြောင့်ဖြစ်သော ရောဂါများအန္တရာယ်ပိုမိုမြင့်မားလာပြီး ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များနှင့် ရောဂါစောင့်ကြည့်ရေးအချက်အလက်များကို လက်လှမ်းမီမှုမရှိခြင်းတို့မှာ စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု လူသားချင်း စာနာမှုအဖွဲ့များက တင်ပြထားသည်။

# ရခိုင်ပြည်နယ်ရှိ အန္တရာယ်ကျရောက်လွယ်သူများအား ICRC က အသက်မွေဝမ်းကျောင်းအကူအညီများပေးအပ်

နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) သည် မြန်မာနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ရပ်ရွာ ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်၍ ရခိုင်ပြည်နယ်တွင် စီးပွားရေးလုံလောက်မှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။ အသက်မွေးဝမ်းကျောင်းစီမံကိန်းများ အကောင်အထည်ဖော်မှုမှာ မတ်လ ၂၆-၂၇ တို့တွင် စစ်တွေရှိ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရုံးများ အတိုက်ခိုက်ခံရမှုကြောင့် ဤနှစ်တွင် နှောင့်နှေးခဲ့ရသည်။ ဧပြီလနှောင်းပိုင်းတွင် လုပ်ငန်းများ ပြန်လည်စတင်ပြီးနောက် ရခိုင်ပြည်နယ်ရှိ ICRC ၏ စီမံကိန်းအားလုံးကို ဒေသခံ အာဏာပိုင်များက ခွင့်ပြုပေးခဲ့သည်။ ဇွန်လတွင် ပေါက်တော၊ မြောက်ဦးနှင့် စစ်တွေမြို့နယ်တို့ရှိ အိမ်ထောင်စု ၈၀၀ ကျော်တို့အား ဝင်ငွေအထောက်အကူပေးမည့် ငွေကြေးထောက်ပံ့ရေးစီမံကိန်း ကိုးခု ပြန်လည်စတင်ခဲ့သည်။

*လုပ်ငန်းအစီအစဉ်များသည် လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုဒဏ်ခံခဲ့ရသည့် ရပ်ရွာများ၏ လိုအပ်ချက် အသီးသီးကို ထည့်သွင်းစဉ်းစားပြီး အသိုင်းအဝိုင်းနှစ်ခုလုံးကို အကျိုးဖြစ်ထွန်းစေသည်။*

ICRC ၏ အစီအစဉ်များက စစ်တွေ၊ ကျောက်တော်၊ ပေါက်တောနှင့် မင်းပြားမြို့နယ်ရှိ အသေးစား လယ်ယာလုပ်ငန်းများကို ထောက်ပံ့ရန် မျိုးစေ့များနှင့် ဓာတ်မြေသြဇာများပေးအပ်ခဲ့သည်။ ထို့ပြင် မိသားစု ၂,၂၀၀ အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ငါးဖမ်းကိရိယာများနှင့် လှေများ၊ မွေးမြူရေးတိရိစ္ဆာန်များ၊ ဆိုက်ကားများလည်း ပေးအပ်ခဲ့သည်။ အခြားစီမံကိန်းများကလည်း လူထုအသိုင်းအဝိုင်းအတွင်း အိမ်ဆိုင်များ ဖွင့်လှစ်နိုင်ရန် ပစ္စည်းများ ပေးအပ်ခဲ့သည်။



စစ်တွေတွင် မျိုးစေ့များ၊ ဓာတ်မြေသြဇာနှင့် ကိရိယာများ ဖြန့်ဖြူးခြင်း၊ ဒီဇင်ဘာ ၂၀၁၃။ ဓာတ်ပုံ - ICRC

လုပ်ငန်းအစီအစဉ်များသည် လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုဒဏ်ခံခဲ့ရသည့် ရပ်ရွာများ၏ လိုအပ်ချက် အသီးသီးကို ထည့်သွင်းစဉ်းစားပြီး အသိုင်းအဝိုင်းနှစ်ခုလုံးကို အကျိုးဖြစ်ထွန်းစေသည်။ ဥပမာအားဖြင့် ICRC သည် လူပ်ရှားသွားလာခွင့် ကန့်သတ်ခံရခြင်းကြောင့် ချက်ပြုတ်ရေးအတွက် ထင်းရှာရန် မလွယ်သော မွတ်စလင် အသိုင်းအဝိုင်းများနှင့် စခန်းများအတွက် ထင်းလောင်စာများ ဝေငှပေးခဲ့သည်။ ဖွန်လတွင် ပေါက်တောရှိ စခန်းသုံးခုမှ မိသားစု ၂,၂၀၀ အတွက် လောင်စာများ ဝေငှပေးခဲ့သည်။ ၎င်းမှာ ထိုမိသားစုများ၏ မိုးရာသီ ချက်ပြုတ်ရေးလောင်စာလိုအပ်ချက် ၇၅ ရာခိုင်နှုန်းကို ခြုံငုံမိမည်ဖြစ်သည်။

ရခိုင်အသိုင်းအဝိုင်းအတွင်းတွင်လည်း အန္တရာယ်ကျရောက်လွယ်သူများရှိပြီး ICRC သည် ၎င်းတို့အားလည်း အသက်မွေးဝမ်းကျောင်းအထောက်အပံ့များ ပေးအပ်လျှက်ရှိသည်။ ICRC သည် ၎င်းတို့၏ သီးခြားလိုအပ်ချက်များ ပြည့်မီရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း မြှင့်တင်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုအားဖြည့်ပေးရန် ကိရိယာများ၊ မျိုးစေ့များနှင့် ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် စစ်တွေ၊ ကျောက်တော်၊ ပေါက်တောနှင့် မင်းပြားမြို့နယ်များရှိ ရခိုင်အိမ်ထောင်စု ၁,၃၆၈ စုတို့သည် မျိုးစေ့ ၆၃ ကီလိုဂရမ်နှင့် ဓာတ်မြေသြဇာ ၁၀၀ ကီလိုဂရမ်တို့ ရရှိခဲ့သည်။ ၂၀၁၃ ဒီဇင်ဘာကလည်း ICRC သည် ခရမ်းချဉ်သီး၊ ပဲ၊ ဂေါ်ဖီနှင့် စပါးစသည့် ဆောင်းသီးနှံများ စိုက်ပျိုးရေးအတွက် ရွာ ၂၇ ရွာအား ကိရိယာများ၊ မျိုးစေ့များနှင့် ဓာတ်မြေသြဇာများ ပေးအပ်ခဲ့သည်။

ကုလသမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာလူသားချင်းစာနာမှုအဖွဲ့များသည် ၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ လူ ၈၅,၀၀၀ ဦးအား အသက်မွေးဝမ်းကျောင်းအကူအညီများပေးရန် ရည်မှန်းထားသည်။ အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးစေရေးလုပ်ငန်းများ၊ ပဋိပက္ခဖြေရှင်းရေးနှင့် အုပ်ချုပ်မှု ဆိုင်ရာ အထောက်အကူများ ပါဝင်သည်။

*မိုးရာသီစတင်မှုနှင့်အတူ စစ်တွေမြို့နယ်ရှိ အလျှင်အမြန်တည်ဆောက်ထားသော ယာယီစခန်းများတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၉၀,၀၀၀ ကျော် ကျပ်သိပ်နေထိုင်နေရသည့်အတွက် အမှိုက်စွန့်ပစ်ရေးနှင့် အိမ်သာသန့်စင်ရေးတို့ အတွက် အခက်အခဲရှိသည်။*

# INGO ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆန်းသစ်တီထွင် စီမံကိန်း

မြန်မာနိုင်ငံသည် ဖွန်မှ အောက်တိုဘာထိ မိုးရာသီတွင် မိုးရွာသွန်းမှု များပြားသည်။ ရခိုင်ပြည်နယ်သည် တိုင်းပြည်အတွင်း မိုးရေချိန် အမြင့်ဆုံးပြည်နယ်တစ်ခုဖြစ်ပြီး စစ်တွေမြို့နယ်ရှိ အလျှင်အမြန်တည်ဆောက်ထားသော ယာယီစခန်း ၁၆ ခုတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၉၀,၀၀၀ ကျော် ကျပ်သိပ်နေထိုင်နေရသည့်အတွက် အမှိုက်စွန့်ပစ်ရေးနှင့် အိမ်သာသန့်စင်ရေးတို့အတွက် အခက်အခဲရှိသည်။ ထို့ပြင် စခန်းများရှိ အဓိက သောက်သုံးရေရင်းမြစ်ဖြစ်သော မြေအောက်ရေရင်းမြစ်များ အဆိပ်သင့်နိုင်ချေလည်း မြင့်မားသည်။ ထို့အတွက် အထူးသဖြင့် မိုးရာသီတွင် ရောဂါဖြစ်ပွားနိုင်ချေကို မြင့်မားလာစေသည်။

ဤပြဿနာကို ဖြေရှင်းရန်အတွက် Oxfam နှင့် Solidarites International (SI) တို့အား အိမ်သာ ၇,၀၀၀ လုံး သန့်စင်ရန်၊ အညစ်အကြေးများ စွန့်ပစ်ရန်နှင့် မြေအောက်ရေများကို ကာကွယ်မည့် အညစ်အကြေးသန့်စင်ရေးလုပ်ငန်းတစ်ခု တည်ဆောက်ရန် ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေမှ ဒေါ်လာ ၅၀၀,၀၀၀ ခန့်ပေးအပ်ခဲ့သည်။ သန့်စင်ရေးလုပ်ငန်း တည်ဆောက်ရေးကို ၂၀၁၃ ခုနှစ်အကုန်တွင် စတင်ခဲ့ပြီး ၂၀၁၄ ဧပြီတွင် ရှေ့ပြေးစီမံကိန်း စတင်ခဲ့သည်။ လုပ်ငန်းလည်ပတ်သည့် ပထမသုံးလတွင် ယာယီစခန်းများတွင် အဆိပ်သင့်နိုင်ချေရှိသည့် အိမ်သာစွန့်အညစ်အကြေး လီတာ ၁.၃ သန်းခန့်ကို သန့်စင်ပေးခဲ့သည်ဟု Solidarites International က အစီရင်ခံသည်။ Oxfam၊ Solidarites International၊ Save the Children၊ DRC နှင့် CDN တို့အပါအဝင် စစ်တွေစခန်းများရှိ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့များအားလုံး ထိုလုပ်ငန်းစဉ်ကို ပံ့ပိုးပေးလျှက်ရှိသည်။



ရခိုင်ပြည်နယ်၊ ဆေးသမားကြီး စခန်းတွင် အညစ်အကြေး စွန့်ပစ်နေစဉ်၊ ဇွန် ၂၀၁၄။ ဓာတ်ပုံ -OCHA

အဆိုပါ သန့်စင်ရေးလုပ်ငန်းသည် စွမ်းအင်နှင့် ဓာတုပစ္စည်း ဖြည့်တင်းပေးရန် မလိုအပ်ဘဲ ထိန်းသိမ်းလည်ပတ်ရန် နည်းပညာနှင့် ဘဏ္ဍာရေးရင်းမြစ်အနည်းငယ်သာ လိုအပ်သည်။ စီမံကိန်းနောက်တစ်ဆင့်တွင် သန့်စင်ရေးလုပ်ငန်း ထိရောက်မှုနှင့် စွမ်းရည်ကို မြှင့်တင်ရန် အာရုံစိုက်သွားမည်ဖြစ်သည်။ ထို့ပြင် စွန့်ပစ်ပစ္စည်းများမှ ဓာတ်မြေသြဇာ ထုတ်လုပ်ခြင်း သို့မဟုတ် မီးသွေးထုတ်လုပ်ခြင်းဖြင့် ရင်းမြစ်များ ပြန်လည်အသုံးပြုရေး အလားအလာကို လေ့လာရန် သုတေသနလုပ်ငန်း ဆောင်ရွက်လျှက်ရှိသည်။

လူသားချင်းစာနာမှုအဖွဲ့များသည် စခန်းများတွင် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အိမ်သာများ ပြုပြင်ခြင်းနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများ ဖြန့်ဖြူးခြင်းတို့ကို ဆက်လက် ဆောင်ရွက်လျှက်ရှိသည်။ သို့ရာတွင် ဧပြီလက လုပ်ငန်းများ ရပ်တန့်ခြင်းနှင့် လုပ်ငန်းလည်ပတ်ရန် အခက်အခဲများ ဆက်လက်ရှိနေခြင်းကြောင့် မိုးရာသီအတွက် အခြေခံ ပြင်ဆင်ရေးလုပ်ငန်းများ နှောင့်နှေးမှုများနှင့်အတူ ဇွန်လတွင် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် ပြည်သူ့ကျန်းမာရေး အန္တရာယ်များ မြင့်မားလျှက်ရှိသည်။

# မိတ္ထီလာရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပြန်လည်နေရာချထားရေး

မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ ပြောကြားချက်အရ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာတွင် လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုဖြစ်ပွားမှု တစ်နှစ်ကျော်ကြာပြီးနောက် မိတ္ထီလာမြို့ရှိ တည်နေရာ ငါးခုတွင် လူ ၄,၀၀၀ ကျော် ဆက်လက် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်သည်။ ထို့ပြင် မိတ္ထီလာမှ လူ ရာပေါင်းများစွာမှာ ယင်းတော်မြို့တွင် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ကာ ရပ်ရွာခံ မိသားစုများ သို့မဟုတ် စခန်းတွင် နေထိုင်လျှက်ရှိပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိပေ။

အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသော လူ ၁၂,၀၀၀ အနက် တစ်ဝက်ကျော်မှာ မိမိတို့ အိုးအိမ်များသို့ ပြန်သွားကြပြီ ဖြစ်သည်။ မိတ္ထီလာတွင် နေရပ်စွန့်ခွာတိမ်းရှောင်နေဆဲဖြစ်သော မိသားစုများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ပြန်လည်နေရာချထားရေးစီမံကိန်းများ တိုးတက်မှုများရှိပြီး ဩဂုတ်လကုန်တွင် လူ ၅၀၀ ခန့် အိမ်ရာအသစ်များတွင် ပြန်လည်နေရာချပြီးဖြစ်လိမ့်မည်ဟု အာဏာပိုင်များက ခန့်မှန်းသည်။ ရန်ပုံငွေအပေါ်မူတည်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအနေဖြင့် ကျန်ရှိသော နေရပ်စွန့်ခွာတိမ်းရှောင်သူများအား နှစ်မကုန်မီ


ဤအစီရင်ခံစာကို မြန်မာနိုင်ငံလူသားချင်းစာနာမှုအဖွဲ့ အဖွဲ့ဝင်များ၏ အချက်အလက်ပံ့ပိုးမှုများဖြင့် UNOCHA မှ စုစည်းတင်ပြသည်။

ပြန်လည်နေရာချထားပေးရန် စီစဉ်ထားသည်။ ပြန်လည်နေရာချထားရေးသည် ရန်ပုံငွေမရှိခြင်း၊ အိမ်/မြေပိုင်ဆိုင်မှု ကိစ္စများနှင့် ပြန်လည်နေရာချထားရေးကိစ္စများအတွက် နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် သဘောတူညီမှုရရှိရေး အခက်အခဲများကြောင့် မျှော်လင့်ထားသည်ထက် ကြာမြင့်ခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။

WFP ၊ UNICEF ၊ Save the Children နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအပါအဝင် နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့ များမှ အကူအညီများ ပေးအပ်နေသော်လည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ စခန်းနေသူများအတွက် အဓိက လူသားချင်းစာနာမှုအခက်အခဲမှာ သောက်သုံးရေအထောက်အပံ့ မလုံလောက်မှုဖြစ်သည်။ စခန်းများတွင် တစ်နှစ်ကျော်နေပြီးနောက် လူအများအပြားမှာ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ရှာဖွေလျှက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများမှ ပေးအပ်သည့် အကူအညီမှာ ဩဂုတ်လကုန်တွင် အဆုံးသတ်မည်ဖြစ်သည်။

ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။